မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား၊ အာရ်၊ လူကာရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး

* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး

* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခယ်လ် မီယာစနီကိုဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

အနာဂတ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ပညာပေး

သမဝါယမအဖွဲ့အစည်းများအနေဖြင့် အဓိကဆောင်ရွက်ရမည့် တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရည်ရွယ်ဖွဲ့စည်း

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၁၈၉၅ ခုနှစ်တွင် နိုင်ငံတကာမှာရှိသည့် သမဝါယမအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်း ဆက်ဆံနိုင်ရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တက်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် ဖွဲ့စည်းထူထောင်ပြီးနောက် ၁၉၂၃ ခုနှစ်မှစတင်၍ အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ သမဝါယမအသင်းသည် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၌ *စာမျက်နှာ ၈ ကော်လံ ၁* ●

3-7 (01).pmd 1 7/3/2011, 3:23 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်)

နိုင်ငံအကျိုးထမ်းရွက်သယ်ပိုးနေသော မြန်မာအမျိုးသမီးများ

ဇူလိုင်လ (၃)ရက် (ယနေ့)သည် မြန်မာအမျိုးသမီးများနေ့ ဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီးများဘဝပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေး ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ (၃)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာအမျိုးသမီးများသည် မြင့်မြတ်သောမျိုးနွယ်မှ ပေါက်ဖွားလာကြသူများဖြစ်သည်။ ''မြန်'' ဆိုသည့်အတိုင်း လျင်မြန်သွက်လက်တက်ကြွပြီး ''မာ''ဆိုသည့်အတိုင်း ခိုင်မာတည်ကြည်ပြတ်သားသော စိတ်ဓာတ်နှင့် ''မြန်မာ'' မျိုးဆက်သစ်လူငယ်များကို မွေးဖွားသန့်စင်ပြုစုပျိုးထောင်ပေးသော မေတ္တာရှင် ဥယျာဉ်မှူးများဖြစ်ကြသည်။

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်သည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများဘဝလုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသောကဏ္ဍများတွင် တစ်ဖက်တစ်လမ်းက စွမ်းအားများဖြင့် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရန်၊ စံနမူနာပြဖြစ်ရန် ကြိုးပမ်းရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံပါဝင်လျက်ရှိပြီး ယနေ့တိုင်လည်း ကျရာအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

သို့ဖြစ်ပေရာ ယနေ့ကာလ ခေတ်မီတိုးတက်သည့်နိုင်ငံတော်သစ်ကြီး တည်ဆောက်နေချိန်တွင် မြန်မာအမျိုးသမီးများသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရည်တူ ဖွဲ့၊ သတ္တိ၊ စိတ်ဓာတ်ခိုင်မာမှုတို့ဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်စွမ်းပေးလျက်ရှိပြီး မျိုးဆက်သစ်လူငယ် အမျိုးသမီးများကလည်း နိုင်ငံ့အကျိုး ပိုမိုထမ်းရွက်သယ်ပိုးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ရက် ညနေ ၃နာရီက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးပြီး (ဝဲပုံ) ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များ၊ ပျဉ်းကတိုးပင်များနှင့် အခြားအရိပ်ရအပင်များကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀နှင့် အခြားအရိပ်ရပင် ၁၀၀အပါအဝင် စုစုပေါင်းအပင် ၅၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆိုင်းဘုတ်ဖွင့်ပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် ထန်းတပင်တာဆုံရှိ အဆိုပါ ဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် မှော်ဘီ၌ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ နည်းပညာတက္ကသိုလ် ပါမောက္ခနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကုန်သွယ်မှုမြှင့်တင်ရေး မူဆယ်(၁၀၅)မိုင်၌ စည်းဝေး

မူဆယ် ဇူလိုင် ၂

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ လစဉ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ကျင်းပရာ အဆိုပါအစည်းအဝေးတွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်းက ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ပြီး ကုန်သည်ကြီးများအသင်းနှင့် ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၂၀၄)

လမ်းတံတားပြုပြင်

ပျဉ်းမနားမြို့တွင် ငလိုက်ချောင်းကူးတံတား ပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်

မအူပင် ဇူလိုင် ၂

မအူပင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ဘိုးဘွားရိပ်သာ၌ေ ခန်းဆောင်တစ်ဆောင်အတွက် မန္တလေးမြို့ လမ်း ၈၀ နှင့် ၂၉ လမ်းထောင့်နေ မောင်ကိန်းရွှေဆိုင်ပိုင်ရှင် ဦးကိန်း၊ ဒေါ်လီရင်နှင့် ဦးစိန်ဝင်း၊ ဒေါ်ခင်သန်းကြည် မိသားစုတို့က မြို့နယ် ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟိုက်ကီ၊ ဦးသိန်းမောင်နှင့် ဘဏ္ဍာရေးမှူး ဦးကျင်ဝင်းတို့ထံ ဇွန် ၈ ရက်က ငွေကျပ် ၅၄ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဘိုးဘွားရိပ်သာ)**

ဖျာပုံမြို့နယ် အမာမြို့တွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန် ၂၈ ရက်က အမာမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဦးဆောင်၍ ကျန်းမာရေးဌာနမှ ဒေါက်တာဉာဏ်မင်း၊ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကျော်ကျော်နိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ကြစဉ်။ (၀၇၁)

သစ်ပင်စိုက်ပါ ဒီ့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V. Gryzlov ခေါင်းဆောင်သော အဖွဲ့တို့သည် ဇွန် ၂၇ ရက် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်၌ တွေ့ဆုံ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်း တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V. Gryzlov နှင့်အတူ State Duma လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr.Alexander Katyrin ၊ အသင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် Zolotoe Koloso Hotel ၌ State Duma လွှတ်တော်ဥက္ကဋ္ဌ ကိုယ်စား လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov က တည်ခင်းသည့် ဂုဏ်ပြု နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ထပ်မံဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ညနေပိုင်းတွင် မော်စကိုမြို့ရှိ Historical Cultural Museum ၊ Moscow Kremlin နန်းတော် အတွင်းရှိ Diamond Fund နှင့် Armory Chamber တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Mr.Alexander Kat - yrin တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V. Gryzlov ခေါင်းဆောင်သောအဖွဲ့တို့ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော် ဥက္ကဋ္ဌ Mr. B.V. Gryzlov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ဇွန်(၂၅)ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်နှင့် သံရုံးဝန်ထမ်းများက သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ညနေ၆နာရီတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီး၊ စစ်သံမှူးနှင့်ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် သံရုံးဝန်ထမ်းများ လိုက်နာစောင့်ထိန်း ဆောင်ရွက်အပ်သည့်အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရောက်ရှိ

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ညနေ ၄နာရီ ၅၅မိနစ်တွင် မော်စကိုမြို့ Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် လေဆိပ်မှ ခေတ္တတည်းခိုမည့် President Hotel သို့ ထွက်ခွာ၍ ညအိပ် ရပ်နားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၇း၅၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ တေးဂီတအစီအစဉ်
၈း၃၀ ၁၀။ **ပြန်လည်တည်ထောင် ပြုစုပျိုးထောင်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ**
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၆)
၁၂း၃၀ ၅။ Golf Magazine (TV)
၁၃း၀၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **နှီးရှည်တစ်စက်** ဟိန်းဝေယံ၊စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-ရွှေအေးကို)
၁၄း၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄း၄၅ ၈။ အတီးပြိုင်ပွဲ
၁၄း၅၀ ၉။ International News

ညပိုင်း

၃း၁၅ ၁။ **2014 World Cup အာရှဇုန်ပထမအဆင့် ဒုတိယအကျော့ခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်း)**
၅း၁၅ ၂။ တေးဂီတအစီအစဉ်
၅း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၀ ၄။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅ ၅။ **သန့်စွာကိုင်လေ စက္ကူငွေ**
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၂၅)
၆း၄၀ ၉။ တစ်မျက်နှာ၊တစ်ကွက်စာ **မျက်စောင်းတို့၏ ကောက်ကြောင်း** မင်းသူ၊ပွင့်နဒီမောင်၊ဗိုသီရိခေတ် [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၄)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၂၈)
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၀)
၁၆။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၁ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် **မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)

သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Bronte Moules နှင့် သံရုံးမှတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး-သံရုံးယာယီ တာဝန်ခံ Mr. Dmitry DARCHENKOV နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးညွန့်တင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးနေဝင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ် ဥပဒေပြုရေး ညီလာခံဥက္ကဋ္ဌ ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး စိန့်ပီတာစဘတ်မြို့ရှိ ပြတိုက်များကြည့်ရှုလေ့လာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ်ဥပဒေပြုရေးညီလာခံဥက္ကဋ္ဌ Mr.Vadim Tyulpanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိကြပြီး စိန့်ပီတာစဘတ်မြို့ရှိ Hermitage Museum သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက် ၁၁ နာရီတွင် စိန့်ပီတာစဘတ်မြို့ရှိ Peterhof Museum ၊ Grand Palace of Peter I နှင့် Lower Fountain Park တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ ဥက္ကဋ္ဌ Mr. Vadim Tyulpanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ညနေ ၃ နာရီတွင် စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်းဝင် စိန့်ပီတာစဘတ်မြို့ရှိ Board of the North- Western Fishing Consortium အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး ညပိုင်းတွင် စိန့်ပီတာစဘတ်မြို့ဝန်းကျင်ရှိ မြစ်များနှင့် တူးမြောင်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ State Museum " The Tsar's Village "(City of Pushkin) နှင့် Palace of Catherine I တို့ကို ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စိန့်ပီတာစဘတ်မြို့မှ မော်စကိုမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘေ့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၈)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံသယမဲ့ချစ်ခြင်းအားဖြင့်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၈၁)

ညပိုင်း

- ၃:၁၅ ၁။ မြဝတီအဖွင့်
- ၃:၂၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၃:၂၂ ၃။ နိုင်ငံတော်သီချင်း
- ၃:၂၅ ၄။ အဖွင့်သီချင်း
- ၃:၃၀ ၅။ 2011 FIFA Women's World Cup (Germany) North Korea Vs Sweden (Delay)
- ၅:၃၀ ၆။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၉။ ဘဝကြေးမုံ **မုသား၏အဖိုးအခ** (အပိုင်း-၁) အကယ်ဒမီခင်မို့မို့အေး၊ ဒေါ်ဒယ်တီနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
- ၆:၅၀ ၁၀။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၃၈)
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ အမျိုးသားရေးတေးကဗျာ
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ ပဟေဠိနန်းတော်
- ၁၇။ ကျန်းမာသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၉)
- ၂၀။ 2011 FIFA Women's World Cup (Germany) Brazil Vs Norway (Live)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် မော်စကိုမြို့ရှိ Space Museum သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရင်းနှီးစွာဆွေးနွေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Illyas Umahanov ခေါင်းဆောင်သောအဖွဲ့တို့သည် ညနေ ၃ နာရီတွင် ရုရှားအထက်လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားအထက်လွှတ်တော် အဆောက်အအုံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ခိုင်မာရေး

ညပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှုများကို ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် မိမိတာဝန် ထမ်းဆောင်လျက်ရှိသော နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Illyas Umahanov ခေါင်းဆောင်သောအဖွဲ့တို့ ရုရှားအထက်လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင်ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ရန်ကုန်တိုင်းဒေသကြီးနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ သင်တန်းနည်းပြ မဟာသဒ္ဓမ္မ ဇောတိကဓဇ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်အောင်၌ ရေနုတ်မြောင်းများ တူးဖော်

မြန်အောင် ဇူလိုင် ၂

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က မြို့အဝင် မြန်အောင်-ကြံခင်း ကားလမ်းမကြီး လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ရေနုတ်မြောင်းမကြီး တူးဖော်ဆယ်ယူခြင်းနှင့် ချုံနွယ်မြက်များရှင်းလင်းခြင်းကို အမှုဆောင်အရာရှိဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကြီးကြပ်လျက် ဝန်ထမ်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၃ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော 2011 Plant Industry Forum သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော 2011 Plant Industry Forum သို့ တက်ရောက်ရန် ဇွန် ၂၀ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။

ထို့နောက် 2011 Plant Industry Forum ကို ဇွန် ၂၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ RENAISSANCE ဟိုတယ်၌ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ Industry and Technology ဆိုင်ရာ ဝန်ကြီး Mr. Sang-Jick Yoon က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကွန်ဂိုနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. TISHIONGO TSHIBINKUBULA WA TUNBA၊ ဂါနာနိုင်ငံ Water Resources, Works and Housing ဒုတိယဝန်ကြီး Mr. Ahmed Mustapha နှင့် ဗြိတိန်နိုင်ငံ HSBC Global Head of Export Credit and Global Specialized Finance, Mr. Peter Luketa တို့က အမှာစကား ပြောကြားကြသည်။

စာတမ်းဖတ်ကြား

Forum တွင် နိုင်ငံတကာက စွမ်းအင်ကဏ္ဍ၌ ပါဝင်သော လျှပ်စစ်ကဏ္ဍ၊ ရေနံကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍများ၌ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များ၊ နိုင်ငံတကာ စီမံကိန်းများ၏ ငွေကြေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စာတမ်းဖတ်ကြား ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးလွင်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဒေါက်တာထွန်းနိုင်နှင့် အင်ဂျင်နီယာချုပ် ဦးစိုးလှိုင်တို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Taihan Electric Wire ကုမ္ပဏီ၊ Samwha ကုမ္ပဏီ၊ Hyosung ကုမ္ပဏီ၊ Busan Korea Biotechnology ကုမ္ပဏီ၊ Solutions for Energy & Environment Technology ကုမ္ပဏီနှင့် Young In ကုမ္ပဏီမှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံ၍ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ကြည့်ရှုလေ့လာ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အူလ်ဆန်မြို့ရှိ Hyandai စက်မှုလုပ်ငန်းများ၌ Gas Insulated Switchgear များ၊ High Voltage Power Transformer များ အဆင့်လိုက်ထုတ်လုပ်နေမှုများ၊ ချောင်းဝူးမြို့ရှိ Hyosung Corporation စက်ရုံ၌ မြန်မာနိုင်ငံ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်ရေးအတွက် မှာယူထားသော Shunt Reactor များ ထုတ်လုပ်ပြီးစီးမှုနှင့် စမ်းသပ်စစ်ဆေးမှု၊ Gas Insulated Switchgear နှင့် Power Transformer များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက ၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်သစ်ပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်တို့က ၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်တို့နှင့်အတူ သစ်ပင်စိုက်ပျိုးပွဲ၌ နှစ်ရှည်သီးနှံပင်များနှင့် နှစ်တိုပန်းအလှပင်များ စုစုပေါင်း သစ်ပင် ၃၄၆၈ ပင်ကို ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များက စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအနီး ဖျာပုံ-ကျိုက်လတ် ကားလမ်းမဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသူများအား ပျိုးပင်များ ပေးအပ်ကြပြီး သတ်မှတ်နေရာအသီးသီး၌ ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မာလာ လူးကား၊ အော်ရီးရှား၊ သံသတ်၊ မန်ကျည်းရှား စသည့် စိုက်ပျိုးပင် ၁၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ချစ်သောစံပယ် ပွင့်ပါကွယ်

✻ "×× တစ်ပွင့်ပန်ချင်တယ်...
တစ်ပွင့်ထဲ ပန်မယ်...
ငွေသားနု ဝတ်လွှာရယ်...
စံပယ်တို့လို ဖွေးဖွေးလွလွ×××"
အစရှိသည်၊ ပုလဲသီသို့
ချိုကြည်အေးနွဲ့၊ သံစဉ်လှဲ့နှင့်
တေးဖွဲ့ယှက်သွယ်၊ လှသွေးကြွယ်သည့်
စံပယ်သီချင်း၊ ငယ်စာရင်းမှ
ရင်တွင်း ခုတိုင်၊ သင်းပျံ့ကြိုင်ဆဲ
မေ့နိုင်ဖို့ဝေး၊ စံပယ်လေးကို
တွေးတိုင်းဥပမာ၊ နှိုင်းမိပါသည်
မြန်မာမလေး နှယ်ပါတကား။

✻ စံပယ်ဟူသည်၊ ပွင့်ငုံစီ၍
တူညီပွင့်နုန်း၊ တစ်ပင်လုံးတည့်
ရှင်ပြုံးတုလွှတ်၊ ဖွေးဖွေးဆွတ်သည်
ညီညွတ်မှုနှင့် သာတကား။

✻ စံပယ်ဟူငြား၊ ထွေပြားဝါနီ
မရှိပြီတည့်၊ ခြယ်သည်တစ်ရောင်
ဆောင်သည်တစ်သွင်၊ ရှုတိုင်းယဉ်သည်
ဖြူစင်မှုနှင့် သာတကား။

✻ စံပယ်ဟူက၊ ဘယ်မျှသေးသေး
မမွေးဘယ်ခါ၊ မရှိပါတည့်
ချပ်လွှာဆင့်ဆင့်၊ ငုံအာလင့်သော်
တစ်ပွင့်လည်း ထုံ၊ တစ်ငုံလည်း သင်း
တစ်ခင်းလည်း လွင်၊ မြတ်မိခင်ကို
ဂုဏ်အင်မြင့်မားစေသည်တကား။

✻ သြော်...ညီညွတ်ခြင်းကို၊ ဖွင့်ဟဆိုသော
ဖြူစင်ခြင်းကို၊ ဖော်ကျူးလိုသော
မိခင် မြေကို၊ ဂုဏ်မြှင့်လိုသော
ထိုစံပယ်မှာ၊ နှိုင်းစရာကား
မြန်မာမလေး၊ လှယဉ်ကျေးနှင့်
သွေးရောင်တူမျှ၊ မွေးကြူစွမို့
ကာလခုခါ၊ တို့ပြည်သာဝယ်
ကလျာနွယ်မှူး၊ စံပယ်ဦးတို့
အထူးဂုဏ်တင့်၊ မျိုးဂုဏ်မြှင့်ဖို့
မြော်ချင့်တတ်သော၊ မြတ်မနောဖြင့်
ချစ်သောစံပယ် ပွင့်ပါကွယ်။ ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက် -

မြင်းမူမောင်နိုင်မိုး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ရှိ ရွှေသင်းဘိုးဘွားရိပ်သာတွင် ဇူလိုင် ၁ ရက်က အဘိုး၊ အဘွားများအား နေ့လယ်စာအာဟာရကျွေးမွေးစဉ်။ (၄၁၆)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဒုတိယဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mahendra Siregar နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ Hanwha Group မှ နာယက Mr. SEUNG YOUN KIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ President & CEO Mr. JAE HONG PARK နှင့် Vice President Mr.JUNG, JIN SANG တို့သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် တိုးမြှင့်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံ

ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရေနံချောင်း၌ မူလတန်းကျောင်းခွဲဖွင့်

ရေနံချောင်း ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အင်တောကျေးရွာအုပ်စု အောင်သာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်တို့က အမှာစကားပြောကြားသည်။

ကျောင်းဆောင်သစ်

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး စာသင်ခန်း သုံးခန်းပါရှိကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဇွန် ၁၄ ရက်က ချောက်မြို့ ပတ္တမြားချောင်းတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေး ပြုလုပ်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

Tourist Map of Nay Pyi Taw အခမဲ့ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၂

ယခု ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် Tourist Map of Nay Pyi Taw NPT (1-2011) ကို စောင်ရေ (တစ်သောင်း) အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

ထည့်သွင်းထား

Tourist Map of Nay Pyi Taw NPT (1-2011) တွင် မြန်မာပြည်မြေပုံ၊ နေပြည်တော်တစ်ခွင်လုံး၏ မြေပုံတို့ကို ထည့်သွင်းထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများပါ ထိုခရီးသွားလမ်းညွှန်မြေပုံများ၏အကူအညီနှင့် နေပြည်တော်ရှိ ရုံးဌာနများနှင့် စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန် သက်သာစွာဖြင့် သွားရောက်နိုင်မည်ဖြစ်သည်။

အဆိုပါ နေပြည်တော် မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ်လွှဲစာ ပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင်လည်းကောင်း၊ D.P.S မြေပုံထုတ်ဝေရေး အမှတ် ၁၆၅-၁၆၇ ပထမထပ် ၃၅ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁)၂၀၄၀၂၀၊ ၀၉-၅၀၃၀၁၇၇၊ ဖုန်း/ဖက်စ် (၉၅-၁) ၂၄၅၂၃၀ တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပွဲ ရွှေကူမြို့နယ်၌ ကျင်းပ

ရွှေကူ ဇူလိုင် ၂

ရွှေကူမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက မန္တလေး၊ ရွှေကူ၊ ဗန်းမော်ဆက်သွယ်ရေး မဟာဗျူဟာ လမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုင်းထန်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးခဲ့ကြ

သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်း ဝင်ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်နှင့်ခရေပင် စုစုပေါင်း ၅၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနား အမြို့မြို့ အနယ်နယ်တွင် ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က ပြည်မြို့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းက အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးအောင်သန်းဦး ဖတ်ကြားစဉ်။ (ဝ၆၈)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက်က ကျုံပျော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၆ ရက်က ဇလွန်မြို့ အထကကျောင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဇလွန်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှိုင်မြင့် ဖတ်ကြားစဉ်။ (ပြည်နယ် ပြန်/ဆက်)

● *ရှေ့ဖုံးမှ*

အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင်ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် "ဇူလိုင်လ၏ ပထမစနေနေ့"ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးကြောင်း၊ ထို့ကြောင့် ကမ္ဘာအရပ်ရပ်၌ရှိသည့် သမဝါယမအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားများကို နိုင်ငံအလိုက် ယခုကဲ့သို့ ကျင်းပနေခြင်းဖြစ်ကြောင်း။

(၁၇)ကြိမ်မြောက်

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အနေဖြင့် ဗဟိုသမဝါယမအသင်းသည် ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို (၁၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားများတွင် သမဝါယမမိသားစုဝင်များကို လိုက်နာကျင့်သုံးဆောင်ရွက်စေလိုသည့် လုပ်ငန်းစဉ်များကို အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ဆောင်ပုဒ်အဖြစ် သတ်မှတ်၍ ယခုနှစ် သမဝါယမနေ့အတွက် "Youth the future of Co-operative Enterprise "ဆောင်ပုဒ်ကို သတ်မှတ်ထားကြောင်း။

ထို့ကြောင့် အနာဂတ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များက အင်တိုက်အားတိုက် ပါဝင်လာရန် စည်းရုံးခြင်း၊ လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ သမဝါယမများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ဟု သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါနှစ်၏ အဓိကဆောင်ပုဒ်မှာ "လူမှုစီးပွားရေးလုပ်ငန်းသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်နေပါသည်" - "Co- operatives Enterprise Build a New Better World " ဖြစ်ကြောင်း။

အတည်ပြုပေါ်ထွက်

လတ်တလော နိုင်ငံတော်၏ လူမှုစီးပွားရေးသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် တောင်သူလယ်သမားများ၏ စီးပွားရေးကျပ်တည်းမှုကို ဖြေရှင်းရန်နှင့် မြင့်မားသော အတိုးဖြင့် ငွေတိုးပေး၍ ချေးနေရသော ဒုက္ခမှ လျော့ပါးစေရန် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ ၁၉၀၅ ခုနှစ်က ငွေချေးသမဝါယမအသင်းတစ်ခု စတင်ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် လျော်ညီစွာ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ပြုလုပ်နိုင်ရန် ၁၉၉၂ ခုနှစ်ကျမှသာ သမဝါယမဥပဒေ အတည်ပြုပေါ်ထွက်လာခဲ့ကြောင်း။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထူးချွန်ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိန်းကျောင်းတည့်မတ်

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာရန်အတွက် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရမည့် တာဝန်မှာ (OER) ဖြစ်ပြီး Organization အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ Education သမဝါယမပညာပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊ Regulation သမဝါယမလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ဘောင်အတွင်းမှ ဘေးတိုက်ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမအဖွဲ့အစည်းများအနေဖြင့် မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် အထူးဂရုစိုက်ဆောင်ရွက်ကြပါဟု မှာကြားလိုကြောင်း။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အခြေခံသမဝါယမအသင်း ၁၀၇၂၅ သင်း၊ အသင်းစု ၄၆၂ သင်း၊ အသင်းစုချုပ်အသင်း၊ ၂၀ ဗဟိုသမဝါယမအသင်း တစ်သင်း၊ စုစုပေါင်း ၁၁၂၀၈ သင်း ဖွဲ့စည်းထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် အထွေထွေစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မိန့်ကြား

ယနေ့အခမ်းအနားတွင် ၂၀၁၁ ခုနှစ် ဇွန် ၂၀ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့်မိန့်ခွန်းကို ကိုးကားပြောကြားလိုကြောင်း၊ နိုင်ငံတော်သမ္မတက "သမဝါယမအစုအဖွဲ့များဟာ အထက်မှ အောက်သို့ အမိန့်ပေးစနစ် (Top Down Policy) ဖြင့် ဖွဲ့စည်းခြင်းထက် လက်အောက်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေသော (Bottom Up Initiative) ပုံစံဖြင့် ဖွဲ့စည်းကြရန်" လမ်းညွှန်ပြောကြားခဲ့ကြောင်း၊ ထို့အပြင် လူထုအတွင်းမှ ယုံကြည်စိတ်ချရသော ပြည်သူများဖြင့် သမဝါယမအဖွဲ့များ ဖွဲ့စည်း၍ ပြည်နယ်/တိုင်းဒေသကြီးများ၌ လုပ်ငန်းကော်မတီများဖွဲ့စည်းရန် လိုအပ်ကြောင်း မိန့်ကြားခဲ့ကြောင်း၊ သို့မှသာ ကျေးလက်ဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုခံစားပြီး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

ယခုအခါ ကမ္ဘာ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် သမဝါယမများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည့်အပြင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များနှင့်အညီ အစိုးရအနေဖြင့် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်များ အတွင်း မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၁၅ ခုနှစ် နောက်ဆုံးထား၍ ကုလသမဂ္ဂ ထောင်စုနှစ် ပန်းတိုင်ရည်မှန်းချက်(၁)ကို ပြည့်မီရန် ဆက်လက်ကြိုးပမ်းသွားရမည်ဆိုသည်ကို များစွာသဘောပေါက် ဆောင်ရွက်လျက်ရှိကြောင်း။

ယုံကြည်

ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သမဝါယမအသင်းများ၏ လှုပ်ရှားမှုများသည် အရေးပါသော အခန်းကဏ္ဍက ရပ်တည်လျက်ရှိသည်ဟု ယုံကြည်ကြောင်း၊ ဤနေရာ၌ သမဝါယမအဖွဲ့များအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆက်လက်ဦးစားပေး ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်မှာ သမဝါယမလောကသားများက ဝီရိယစိုက်ထုတ်ပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါ၊ လာမည့် ၂၀၁၂ ခုနှစ်ဟာ အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ဖြစ်သည့်အတွက် လုပ်ငန်းဖြင့် ပိုမိုကောင်းမွန်သောကမ္ဘာကြီးကို တည်ထောင်နေကြောင်း၊ (Co-operative Enterprises Build a New Better World) ဆိုသည့် ဆောင်ပုဒ်နှင့် ယခုနှစ်ဆောင်ပုဒ်သည် လူငယ်အနာဂတ်သမဝါယမ (Youth the future of Co-operative Enterprises)တို့ဖြစ်သည်နှင့်အညီ သမဝါယမလှုပ်ရှားမှုများမှာ လူငယ်များ ပိုမိုပါဝင်လာကြပါ၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သမဝါယမအဖွဲ့အစည်းများသည် ပြည်သူများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်ကြပါ၊ နောက်ဆုံးအနေဖြင့် သမဝါယမစနစ်၏ အနှစ်သာရနှင့် ကျင့်ဝတ်များ လွှမ်းခြုံနေသည့် ကောင်းမွန်သော သမဝါယမပုံရိပ်တစ်ရပ် ဖော်ဆောင်နိုင်ရန်အတွက် သမဝါယမအဖွဲ့အစည်းများအားလုံး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ပါဟု မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသော မောင်မိုးဇော်သက်၊ မောင်အောင်ဝေဖြိုးနှင့် မရွှေခိုင်လင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ခြောက်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်၊ သမဝါယမကောလိပ်(မန္တလေး)၊ သမဝါယမကောလိပ်(စစ်ကိုင်း)၊ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် ယွန်းပညာကောလိပ် တို့မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထူးချွန်ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌတို့က သမဝါယမလုပ်ငန်းအလိုက် အောင်မြင်သော အသင်းများဖြစ်ကြသည့် ဇလွန်မြို့နယ် ကျုံရှစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ တောင်ငူမြို့နယ် ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်း၊ ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီး ငွေစုငွေချေး သမဝါယမအသင်း၊ ရွှေပြည်သာမြို့နယ်မှ သတ္တုဗေဒအင်ဂျင်နီယာ သမဝါယမအသင်းနှင့် ဓာတုအင်ဂျင်နီယာ သမဝါယမအသင်း၊ ညောင်ဦးမြို့နယ် မြင်းကပါ ယွန်းထည်ကုန်ထုတ်သမဝါယမအသင်း၊ အမရပူရမြို့နယ် ဆောင်းဒါး ရက်ကန်းကျောင်းနှင့် ရန်ကုန်မြို့ ရွှေသက်တန့် သမဝါယမအသင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်ဓာတ်ပုံနှင့် ထုတ်ကုန်ပစ္စည်းပြပွဲတွင် ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ညောင်ပင်ဝဲရွာ သွားလမ်း သစ်သားတံတားတည်ဆောက်နေမှုကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်
ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ နီကိုလေဗစ်ချ် မာတီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်ကို နားလည်သဘောပေါက်
ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ လိုက်နာဆောင်ရွက်ရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂

အကောက်ခွန်ဦးစီးဌာန၏ အဓိက လုပ်ငန်းတာဝန်(၄)ရပ် ဖြစ်သည့် တင်သွင်း/တင်ပို့ပစ္စည်းများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အခွန်အကောက်များ စည်းကြပ်ကောက်ခံခြင်း၊ တင်သွင်း/တင်ပို့မှုများကို ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ညီညွတ်မှု ရှိ/မရှိ စိစစ်ကြီးကြပ်ခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုများကို ကာကွယ်တားဆီး၊ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေခြင်း စသည်တို့ကို ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ လိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲမှုအဆင့် အရာထမ်းများက စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ် သီဟရာဇာခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန၌ နေ့စဉ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စီမံဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးမှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်စာရင်းဌာန တိုးချဲ့အဆောက်အအုံနှင့် ပင်မအဆောက်အအုံအတွင်း နေ့စဉ်လုပ်ငန်းဆောင်ရွက်နိုင်ရန် စီမံထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးနှင့် တံဆိပ်ခေါင်းသို့လှောင်ရုံ ရန်ကုန်ရုံးခွဲအတွင်း နေ့စဉ်ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်မှု အခြေအနေများနှင့် အခွန်တံဆိပ်ခေါင်းအမျိုးမျိုး ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခွန်စီမံခန့်ခွဲမှုလုပ်ငန်းစည်းမျဉ်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဘဒ္ဒေကရတ္တသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၆:၄၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၁)
- ၈:၅၀ အမွှန်မြတ်ဆုံးဖြင့် ကုသိုလ်ယူ မြိုင်မြို့မှ တရားအလှူ
- ၉:၀၅ MBE ၏ လယ်ယာစိုက်ပျိုးရေး စရိတ်ပေးအပ်ပွဲ(ဒေးဒရဲမြို့)
- ၉:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Meta Holdings Co.,Ltd. မှ ကျင်းပပြုလုပ်သော Bcaucell အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၉:၃၀ Sunday Talk [ထွန်းလှိုင်အောင် (ကောင်းကျော်စေ ကုမ္ပဏီလီမိတက်)၊ မျိုးမြတ်သူ]
- ၁၀:၀၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မေရီချက်မင်း)
- ၁၀:၃၅ ဗီဒီယိုပြခန်း
- ၁၀:၅၅ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
- ၁၁:၂၅ ဈေးဝယ်လမ်းညွှန် (Pan Pan Fashion Shop)
- ၁၂:၁၀ မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ (မိုးရာသီဖက်ရှင်)
- ၁:၀၀ **ဘဒ္ဒေကရတ္တသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **(မိန်းကလေးဖြစ်တာကောင်းတယ်၊ မိန်းကလေးမဖြစ်တာ ကောင်းတယ်)**
- ၃:၂၅ **အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်** နှင့်တွေ့ဆုံခြင်း
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၁)
- ၅:၀၀ ကျီးပေါင်းရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၅:၂၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၄)
- ၇:၀၀ 7 Diamonds Live Show (Part-1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အံ့ဖွယ်ရှုမငြီး မြန်မာအမျိုးသမီး
- ၈:၅၀ Kid's Show
- ၉:၂၀ သွားမယ်စားမယ် (The Prome)
- ၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၂)
- ၁၀:၂၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ်သီဖွဲ့ဟန် နှင့် ရေနံ့သာစိုးလှိုင်၏သီဆိုဟန်) အတွဲ(၁)
- ၁၁:၁၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၁:၃၅ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ
- ၁၁:၄၅ ဟိုတယ်လမ်းညွှန် (Pacific Hotel)
- ၁၂:၀၀ ပြင်ဦးလွင်ရဲ့ ရွှေခြင်္သေ့
- ၁၂:၁၅ ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
- ၁၂:၅၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂:၅၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၁:၁၅ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
- ၁:၃၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂:၀၅ အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
- ၂:၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၂:၄၅ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၂:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃:၅၅ လွန်းတင်သည့်ကြိုး
- ၄:၁၅ တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရီးရာအလှ
- ၄:၄၀ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှဘုရားများ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယာဉ်အန္တရာယ် ကင်းရှင်းရေး
ကျိုင်းတုံမြို့၌ ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ ဇူလိုင် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဇွန် ၂၈ ရက်က အဝေးပြေး ယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်း စစ်ဆေးကြသည်။**(အောက်ပုံ)** **(ကညန)**

ငါးမျိုးပြုန်းတီးမှု မရှိစေရေး မိုးညို၌ဟောပြော

သာယာဝတီ ဇူလိုင် ၂

သာယာဝတီခရိုင် မိုးညိုမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ငါးမျိုးပြုန်းတီးမှု မရှိစေရေးအတွက် ငါးရစ်ငါးသန်များ မဖမ်းဆီးရေးနှင့် ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးမဖမ်းဆီးရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

လက်ကမ်းစာစောင်များဖြန့်ဝေ

အခမ်းအနားတွင် မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းက ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးရစ်ငါးသန်ငါးများ မဖမ်းဆီးရေး၊ သတ်မှတ်ပိုက်ကွက်များဖြင့် ငါးဖမ်းဆီးရေး၊ ငါးမျိုးပြုန်းတီးစေမည့် အဆိပ်ချနည်း၊ ဘက်ထရီရှော့ခ်တိုက်နည်းတို့ဖြင့် မဖမ်းဆီးကြရေး ရှင်းလင်းပြောကြားကာ ရေလုပ်သားများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အော်တိုတယ်လီဖုန်းများကို One Stop Service ဖြင့်
အမြန်တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိ

သတင်းမှတ်စု - အောင်သိုက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်း ဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခင်က လက်လှည့်တယ်လီဖုန်းစနစ်မှ အော်တိုတယ်လီဖုန်း၊ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ တယ်လီဖုန်းလုံးရေကိုလည်း အများအပြား တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သည်။

ယခုအခါ တစ်နိုင်ငံလုံး၌ အော်တိုတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ပေးလျက်ရှိပြီး ရန်ကုန်မြို့ရှိ အော်တိုတယ်လီဖုန်း လျှောက်ထားသူများကိုလည်း One Stop Service ဖြင့် အမြန်တပ်ဆင်ပေးနေပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာနသို့ ဆက်သွယ်မေးမြန်းချက်အရ နေပြည်တော်တွင် ထပ်မံတပ်ဆင်ပေးနိုင်မည့် လိုင်းအင်အားအနေဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့၊ ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့တွင် လိုင်းအင်အား ၃၄၀၀၊ ပုဗ္ဗသီရိမြို့နယ်တွင် ၈၀၀နှင့် ပျဉ်းမနားမြို့တွင် ၁၁၀၀ ရှိသည်။ တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ရန်အတွက် ပုဗ္ဗသီရိအိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းဌာနရုံး ဒုတိယအင်ဂျင်နီယာချုပ်က လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တွင် လက်ကျန်လိုင်းအင်အားကို အိတ်ချိန်းနယ်မြေအလိုက် ဖော်ပြရလျှင် ပုဇွန်တောင်နှင့် ဗဟန်း/တာမွေတို့တွင် ၂၂၀၀စီ၊ ပန်းဘဲတန်းတွင် ၃၆၀၀၊ အလုံတွင် ၁၂၀၀၊ ဟံသာဝတီနှင့် တောင်ဥက္ကလာပတို့တွင် ၈၀၀ စီ၊ ဘုရင့်နောင်၊ မြောက်ဥက္ကလာပနှင့် ထောက်ကြန့်တို့တွင် ၃၀၀ စီ၊ လှိုင်သာယာစက်မှုဇုန်၊ အင်းစိန်နှင့် ရွှေပေါက်ကံစက်မှုဇုန်တို့တွင် ၂၀၀ စီ၊ မရမ်းကုန်းတွင် ၁၇၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် ၁၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ၁၁၀၀၊ မင်္ဂလာဒုံတွင် ၅၀၀ နှင့် ရွှေပြည်သာ စက်မှုဇုန်တွင် ၆၀၀ စုစုပေါင်း လိုင်းအင်အား ၁၆၃၀၀ ဖြစ်သည်။

ရန်ကုန်မြို့တွင် အော်တိုတယ်လီဖုန်းတပ်ဆင်လိုပါက လျှောက်လွှာများကို ယခင်ကကဲ့သို့ ရန်ကုန်မြို့ လမ်း (၄၀) အမှတ်(၁၀၃)ရှိ အင်ဂျင်နီယာချုပ်ရုံးက လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)အိတ်ချိန်း၊ ပန်းဘဲတန်းအိတ်ချိန်း၊ ဗဟန်း/တာမွေအိတ်ချိန်း၊ သဃ်န်းကျွန်း/တောင်ဥက္ကလာပအိတ်ချိန်း၊ မရမ်းကုန်းအိတ်ချိန်း၊ အလုံအိတ်ချိန်း၊ ပုဇွန်တောင်အိတ်ချိန်း၊ မင်္ဂလာဒုံအိတ်ချိန်း၊ မြောက်ဥက္ကလာပအိတ်ချိန်းနှင့် ဟံသာဝတီအိတ်ချိန်းတို့တွင် အထူးအစီအစဉ်အဖြစ် One Stop Service ဖြင့် အမြန်တပ်ဆင်ပေးနေပြီဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ထပ်မံတပ်ဆင်ပေးနိုင်မည့် လက်ကျန်လိုင်းအင်အားမှာ မန္တလေးမြို့မတွင် ၂၀၀၀၊ မန္တလေးမြို့သစ်တွင် ၃၀၀၊ ပုသိမ်ကြီးတွင် ၁၀၀နှင့် မြစ်ငယ်တွင် ၁၄၀ စုစုပေါင်း လိုင်းအင်အား ၂၅၄၀ ဖြစ်သည်။ တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံးက လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

တယ်လီဖုန်းတပ်ဆင်ပေးရာတွင် လျှောက်လွှာတွင်ဖော်ပြထားသည့် နေရပ်လိပ်စာကို စိစစ်ပြီး ဖုန်းလိုင်းနှင့် နံပါတ်ရှိသော (Feasible) နေရာဖြစ်ပါက ချက်ချင်းလုပ်ငန်းစတင်ဆောင်ရွက်၍ ငွေလက်ခံခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ အိတ်ချိန်းနှင့်နီးသော လိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ အိတ်ချိန်းနှင့်ဝေးသော လိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်သုံးရက်မှ ငါးရက်အတွင်းတွင်လည်းကောင်း တယ်လီဖုန်းများလာရောက်တပ်ဆင်ပေးမည် ဖြစ်သည်။

ပြည်သူများ အချိန်ကုန်သက်သာပြီး ပင်ပန်းမှုမရှိစေရေးအတွက်လည်း အော်တိုတယ်လီဖုန်းလိုင်း ကြိုတင်ငွေပေးစနစ်ကို စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

သမားရိုးကျ ကြားနေကျဖြစ်သည့် တယ်လီဖုန်းအသံ(Voice) အပြင် သတင်းအချက်အလက် Data IPTV, Video စသည်တို့ကိုပါ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့လျင်မြန်စွာ ပို့ဆောင်ဆက်သွယ်နိုင်ရေးအတွက် P Trunk Gateway တပ်ဆင်ခြင်းလုပ်ငန်းကိုပါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် တစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

ကြခင်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများနှင့် အသင်းဝင်များအားလုံး အခမ်းအနားသို့ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများနှင့် သက်ကြီးပူဇော်ပွဲ၌ ပူဇော်ကန်တော့ခံကြမည့် အသက် (၈၀)နှင့်အထက် ကန်တော့ခံအသင်းဝင်ပုဂ္ဂိုလ်များ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင် (ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ငွေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁နှင့် ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၆၆၀၇၃၄တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရမည်းသင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့တို့၌ ဆက်သွယ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း စစ်ဆေး

နေပြည်တော် ဇူလိုင် ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင် ၁ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့ ဆက်သွယ်ရေး အိတ်ချိန်းသို့ရောက်ရှိပြီး အိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်စွာသွင်နှင့် အိတ်ချိန်းတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကလည်း ခရိုင်အတွက် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းလ်တယ်လီဖုန်း ထပ်မံလိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကဆောင်ရွက်တော့မည့် GSM မိုဘိုင်းလ်တယ်လီဖုန်း စီမံကိန်းတွင် ထည့်သွင်းပေးရန် စီစဉ်ခဲ့သည်။

ထိုမှတစ်ဆင့် ပျော်ဘွယ်မြို့နှင့် မိတ္ထီလာမြို့တို့ရှိ အိတ်ချိန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြို့နယ်များအနေဖြင့် မြို့ပေါ်အတွက်သာမကဘဲ ကျေးရွာများအထိ လွှမ်းခြုံနိုင်မည့် ဆက်သွယ်မှုကွန်ရက်စနစ် စီမံရေးဆွဲရန်နှင့်စက်ခန်းနေရာများကိုဒေသအုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ ရွေးချယ်ကြရန်နှင့် ပြည်သူများအား ဆက်သွယ်မှုဝန်ဆောင်မှုပေးရာတွင် အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရမည်းသင်းမြို့ ဆက်သွယ်ရေး အိတ်ချိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ၊ ပြည်တွင်း ပြည်ပမှ

ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများ၊ ကျောက်မျက် အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။ (ဓါတ်ပုံ)

ယနေ့(ဒုတိယနေ့)တွင် နံနက် ၈နာရီမှစတင်၍ ပြည်တွင်းပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသော အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုအပ်သည်များကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့အတူ နံနက် ၈နာရီတွင် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ပုလဲအတွဲပေါင်း (၁၇၁)တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲ (၂၂၁၇)တွဲ၊ ကျောက်မျက်အတွဲ (၂၈၄)တွဲနှင့် ပုလဲအတွဲ(၃၅၅)တွဲကို ပြသရောင်းချသွားမည်ဖြစ်ပြီး ပုလဲအတွဲများကို ဇူလိုင် ၃ရက် နံနက်ပိုင်းအထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲများကို ဇူလိုင် ၄ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ဇူလိုင် ၃ရက်မှ ၉ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၀ရက်မှ ၁၃ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ပြီး အထူးရောင်းချပွဲသို့ ပြည်ပရတနာကုန်သည် ၄၆၅၉ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၄၄၅၄ ဦး တက်ရောက်ကြသည်။

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁၃ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စည်းကမ်းရှိမှတိုးတက်မည်

ဦးသူရိန် (ဘားအံ)

နှပျိုစဉ်ကာလ သင်တန်းတစ်ခုတွင် ဆရာတစ်ဦးရွတ်ဆိုပြခဲ့သော ကဗျာတစ်ပုဒ်အား မှတ်မိနေမိပါသည်-

“စည်းတွင်းမှာနေ
ကွင်းကွေလိမ့် ရန်ဘေး
ကမ်းကိုကျော် ချော်ကာကျ
များလှ ရန်ဘေး” ဆိုသော ဆရာမင်းသုဝဏ်၏ ကဗျာလေးတစ်ပုဒ်ဖြစ်သည်။ အဓိပ္ပာယ် ကောင်းမွန်လေးနက်သောကြောင့် ယခုအချိန်အထိ စွဲလမ်းမှတ်မိနေခြင်းဖြစ်သည်။ **စည်း** ဆိုသည်မှာ ပိုင်းခြားထားမှု၊ ဘောင်ခတ်ထားမှုဖြစ်သလို လိုက်နာရမည့် အဓိပ္ပာယ်လည်း သက်ရောက်သည်။ **ကမ်း** ဆိုသည်မှာလည်း အလားတူပင် ရေပြင်နှင့်ကမ်းစပ်ကို ခွဲခြားထားမှုသဘောဖြစ်သလို ပိုင်းခြားထားမှု သဘောလည်းဖြစ်ပါသည်။ စည်းတွင်း၊ ဘောင်တွင်းမှာနေပါက အန္တရာယ်မရှိနိုင်သော်လည်း သတ်မှတ်ထားမှုကို ဖောက်ဖျက်ကျော်လွန်ပါက အန္တရာယ်များစွာ ရှိနိုင်သဖြင့် **“ကမ်းကိုကျော် ချော်ကာကျ များလှရန်ဘေး”** ဟု သုံးနှုန်းထားခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် စည်းကမ်းရှိရန် လိုအပ်ပေသည်။

လုပ်ငန်းခွင်တွင် စည်းကမ်းမရှိသော တပည့်များ၊ စည်းကမ်းရှိစေလိုသော တပည့်များကို ဆန္ဒနှင့်ထပ်တူ ပြောဆိုဆုံးမရာတွင် ဤကဗျာလေးသည် အထိရောက်ဆုံး လက်နက်တစ်ခုဖြစ်ခဲ့သည်။ မိမိတို့ နေထိုင်သွားလာလှုပ်ရှားရသည့် ရုံးအဆောက်အအုံများ၊ ဘူတာရုံများ၊ ဆေးရုံများ၊ လေဆိပ်များ၊ အိမ်ရာများ၊ ဈေးများ၊ ပန်းခြံများတွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော ဆေးလိပ်တိုများ၊ ကွမ်းတံတွေးများ၊ အမှိုက်များကို မကြာခဏတွေ့ရှိခဲ့ဖူးသည်။ အထူးသဖြင့် တိုက်နံရံထောင့်များ၊ ချောင်ကြို ချောင်ကြားနေရာများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ဆေးလိပ်တိုများပစ်ချထားခြင်း၊ ကွမ်းတံတွေးထွေးခြင်းများကို တွေ့ဖူးပါသည်။ အချို့ အဆောက်အအုံများနှင့် ပန်းခြံများသည် အမှိုက်စွန့်ပစ်မှုနှင့် ကွမ်းတံတွေး မထွေးရက်လောက်အောင် သန့်ရှင်းမှု၊ ခမ်းနားမှုရှိနေသော်လည်း ဤနေရာမျိုးတွင်ပင် အမှိုက်စွန့်ပစ်မှု၊ ဆေးလိပ်တိုစွန့်ပစ်မှု၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးမှုများ ရှိနေပေသည်။ အမှိုက်ပုံးလည်း ချထားပေးသည်။ အမှိုက်မပစ်စေလိုသောနေရာများတွင် အမှိုက်မပစ်ရဆိုသည့် တားမြစ်ချက်၊ သတိပေး ဆိုင်းဘုတ်များလည်း စိုက်ထူပေးထားသည်။ ဤသို့ တားမြစ်ထားပါလျက်နှင့် လိုက်နာခြင်းမရှိသေးသူများ ရှိနေသေးသည်ကို အံ့သြမိပါသည်။ ဤလိုကိစ္စမျိုးကို အားလုံးက ဂရုတစိုက်ရှိစေချင်ပါသည်။ အသေးအဖွဲ့ဟု မမှတ်ယူသင့်ပေ။

“အမှိုက်မပစ်ရ၊ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ” ဟု မဆိုလိုပါ။ သူ့နေရာနှင့်သူ စည်းကမ်းတကျ ပြုမူဆောင်ရွက်စေလိုခြင်းသာ ဖြစ်ပါသည်။ စည်းကမ်းရှိသူ၊ စည်းကမ်းနှင့် စနစ်တကျ နေတတ်သောသူကို အဆင့်အတန်းရှိသူဟု မှတ်ယူ၍ရသည်။ **“အဆင့်အတန်းရှိသည်”** ဆိုသည်မှာ စာရေးသူ၏ အယူအဆအရ ငွေကြေးချမ်းသာကြွယ်ဝခြင်း၊ ဆင်းရဲခြင်းနှင့်မဆိုင်၊ ရာထူးကြီးမြင့်ခြင်း၊ ရာထူးငယ်ခြင်းနှင့် မပတ်သက်ဘဲ ကိုယ်ကျင့်တရားကောင်းခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် လူ့ပတ်ဝန်းကျင်တွင် လောကနီတိတရားများ၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်တတ်ခြင်းတို့ကို အဆင့်အတန်းရှိသည်ဟု ယူဆပါသည်။

တချို့ဆေးလိပ်သောက်ရာတွင် ရုံးအဆောက်အအုံနေရာများ၊ ဆေးရုံများ၊ အများပြည်သူသွားလာနေသော ကားပေါ်နှင့်အများပြည်သူစောင့်ဆိုင်း ရပ်နားနေသော နေရာများတွင် သောက်သုံးသည်ကိုလည်း တွေ့ရသည်။ လူမှုရေးအရလည်း အားနာသင့်သည်။ ကျန်းမာရေးအရလည်း တစ်ပါးသူကို ရောဂါဖြစ်စေသောကြောင့် ဤအပြုအမူမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ **“ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်”** ဆိုသောစကားကို အားလုံးက သိပြီးဖြစ်ကြပါသည်။ **“ပိုက်ဆံကိုမီးရှို့သလိုဖြစ်ပြီး ရောဂါကိုဝယ်ယူသည့်ကိစ္စ”** အား မိမိတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ မိမိကိုမှီခိုနေကြရသော မိသားစုများအတွက်ဖြစ်စေ၊ မိမိပတ်ဝန်းကျင်အတွက်ဖြစ်စေ ရှောင်ကြဉ်နိုင်ပါရန် တိုက်တွန်းလိုပါသည်။

ကွမ်းစားသည့်ကိစ္စကိုလည်း အလားတူ ပြောကြားလိုပါသည်။ ကွမ်းစားသဖြင့် သွား ခိုင်မာကြောင်း၊ သွားကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း၊ ဆရာဝန်များ ပြောကြားသည်ကို မကြားဖူးပါ။ သေချာတာတစ်ခုကတော့ ကွမ်းစားသဖြင့် ကွမ်းချိုးများတက်ပြီး သွားမည်းသည်၊ နှုတ်ခမ်းများ ရဲတွတ်နေတတ်သည်။ မျိုချပါက ဝမ်းဗိုက်အတွင်း ထုံးများ တဖြည်းဖြည်းစုလာပြီး အစိုင်အခဲ ကြီးမားလာသောကြောင့် ခွဲထုတ်ကုသရသည်။ တချို့လူများ ရုပ်ရည်သန့်ပြန့်ပြီး ပြောဆိုဆက်ဆံရေး ကောင်းမွန်ပါသော်လည်း စကားပြောလျှင် ကွမ်းအလွန်အမင်း စားထားမှုကြောင့် သွားများမတန်တရာမည်းနေသဖြင့် အကျည်းတန်သလို ဖြစ်ရသည်။

မည်သို့ပင်ဖြစ်စေ ကွမ်းကြိုက်သူများ ကွမ်းစားကြပါ။ မိမိ၏ အဘိုး အဘွားများ၊ ဘုန်းတော်ကြီးများလည်း ကွမ်းစားကြပါသည်။ စည်းကမ်းရှိရှိ စားကြရန်သာ တိုက်တွန်းလိုပါသည်။

စည်းကမ်းနှင့်ပတ်သက်၍ စာရေးသူ၏ ရင်ထဲတွင် စူးဝင်နေသော ဆူးလေးတစ်ချောင်းအကြောင်း ပြောလိုပါသည်။ သည်ဆူးလေးကြောင့် ဆောင်းပါးကို ရေးဖြစ်ခဲ့သည်ဆိုလျှင် မမှားပါ။ ဤဆူးလေးစူးဝင်နေသလို ခံစားနေရခြင်း အကြောင်းအရင်းမှာ စည်းကမ်းနှင့် သက်ဆိုင်သလို အမျိုးသားအရေးလို့လည်း ပြောလို့ရပါသည်။ စာရေးသူတို့နေထိုင်သော နေပြည်တော်မြို့တော်ကြီးသည် ရုံးအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ကျယ်ဝန်းသောလမ်းများ၊ လန်းဆန်းနေသော သစ်ပင်/ပန်းပင်များ၊ သန့်ရှင်းမှုများဖြင့် လှပလျက်ရှိပြီး မြို့တော်အင်္ဂါရပ်နှင့်လည်း ပြည့်စုံလှပေသည်။ ဤမြို့တော်တွင် စာရေးသူသည် မိသားစုနှင့်အတူ မှတ်မှတ်ရရ ရုပ်ရှင်သုံးကြိမ် သွားရောက်ကြည့်ဖူးသည်။ ဗီဒီယို၊ တီဗွီခေတ်ဖြစ်လာ၍ ရုပ်ရှင်မကြည့်ရသည်မှာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်၍လည်းကောင်း၊ 3D ကိုမမြင်ဖူး၊ မတွေ့ဖူး၍လည်းကောင်း သွားကြည့်ခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ရှင်ကြီးမပြသမီ နိုင်ငံတော်အလံအား အလေးပြုရန်အတွက် မတ်တတ်ရပ်ကြရန် သတိပေးစာတန်းလေး ပေါ်လာသည်။ ခဏကြာသောအခါ နိုင်ငံတော်သီချင်းနှင့် တလူလူလွင့်နေသော နိုင်ငံတော်အလံပေါ်လာသည်။ စာရေးသူတို့ မိသားစုလည်း မတ်တတ်ရပ်ပြီး အရိုအသေပေးကြပါသည်။ ဤနေရာ၌ ရုပ်ရှင်လာရောက်ကြည့်ကြသော ပရိသတ်များတွင် လှုပ်ရှားမှုအနေအထား လေးမျိုးရှိနေသည်ကို တွေ့ရသည်။ ပထမတစ်မျိုးမှာ နိုင်ငံတော်အလံအားအလေးပြုရန် လုံးဝမထကြသူများအဖွဲ့၊ တချို့မှာ ထိုင်ထလေ့ကျင့်ခန်းလုပ်သလို ထပြီးတာနှင့် ပြန်ထိုင်သည့်အဖွဲ့၊ နောက်တစ်မျိုးမှာ နိုင်ငံတော်သီချင်း မပြီးခင် ပြန်ထိုင်သောအဖွဲ့နှင့် နောက်ဆုံးတစ်မျိုးမှာ အစအဆုံး ပြီးသည့်အထိ မတ်တတ်ရပ်ပေးသော အဖွဲ့တို့ဖြစ်ပါသည်။ နိုင်ငံတော်သီချင်း ပြီးဆုံးသည်အထိ အစအဆုံး မတ်တတ်ရပ်သောအဖွဲ့မှာ အတော်နည်းသည်ကို တွေ့ရှိရသည်။ စာရေးသူတို့ မိသားစုနှင့် အခြားပရိသတ် အနည်းငယ်သာရှိသည်။ ဒုတိယအကြိမ် ရုပ်ရှင်ကြည့်ဖြစ်တော့လည်း အလားတူဖြစ်နေတာကို အံ့သြစွာတွေ့ရှိရပါသည်။ တစ်ခုတော့ရှိသည်။ အရိုအသေပေးသူ နည်းနေခြင်းမှာ ရုပ်ရှင်ရုံတွင် လူများရုံပြည့်ရှိနေသည် မဟုတ်ဘဲ ဟိုတစ်စု သည်တစ်စုနှင့် ခပ်ကြဲကြဲဖြစ်နေတာလည်း အကြောင်းတစ်ရပ်ဖြစ်နိုင်ပါသည်။

တတိယအကြိမ် ရုပ်ရှင်ကြည့်ဖြစ်တော့ အစအဆုံး မတ်တတ်ရပ်ပေးသူများမှာ မရှိသလောက်ဖြစ်နေ၍ စာရေးသူ၏ ရင်ထဲတွင် ဆူးလေးတစ်ချောင်း စူးဝင်နေသလို ခံစားရသည်။ ရုပ်ရှင်တွင် အာရုံမရောက်နိုင်ဘဲ အမျိုးမျိုး စဉ်းစားတွေးတောနေပါသည်။ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းဆိုတာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးတွေရဲ့ အထွတ်အမြတ်ထားရမည့် အရာဆိုတာ မသိလို့လား. . . ခံယူချက်တွေနည်းနေလို့လား. . . စသည်ဖြင့် သို့လော. . . သို့လော. . . တွေးနေမိသည်။ ဤအရာကို ဘယ်လိုဖြေရှင်းမလဲ စဉ်းစားမိသည်။ အားလုံးမတ်တတ်ရပ်မှ ရုပ်ရှင်ပြပေးမည်ဆိုလျှင် ကောင်းမလားတွေးမိသည်။ နောက်တစ်ခုက ဒါမျိုးဆိုတာကလည်း ပင်ကိုအသိစိတ်ဓာတ်နှင့်လုပ်ရမည့်ကိစ္စမို့ အသိတရားနှင့်သာ ကုသစေသင့်သည်။ နောက်ပိုင်းတွင် စိတ်တိုင်းမကျမှုများကြောင့် အကုသိုလ်စိတ်များပွားမိမည်ကို စိုးရိမ်သဖြင့်ရုပ်ရှင်ရုံဘက်သို့ခြေဦးမလှည့်ဖြစ်တော့ပေ။ မိမိတို့ ငယ်စဉ်ကလေးဘဝကတည်းက နံနက်ကျောင်းမတက်ခင် ကျောင်းရှေ့ကွင်းပြင်တွင် Assembly ဟုခေါ်သော စုဝေးပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ နိုင်ငံတော်အလံအား အလေးပြုကြရသည်။ နိုင်ငံတော်သီချင်း သံပြိုင်ဟစ်ကြွေးခဲ့ရသည်။ ကျောင်းဆင်းလျှင်လည်း နိုင်ငံတော်သီချင်းဆိုပြီးမှ အိမ်ပြန်ကြရသည်။ ဤအလေ့အကျင့်သည် စာသင်ကျောင်းကရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ တဖြည်းဖြည်း ပေါက်ဖွားလာခဲ့ရသည်။ အသိစိတ်နှင့်ယှဉ်၍ပေါ်ပေါက်လာခြင်းမျိုးဖြစ်ပြီး တကူးတက လုပ်ယူခဲ့ရသည်လည်းမဟုတ်ပါ။ အသင်းအဖွဲ့များတွင် အပြိုင်အဆိုင် ပါဝင်လှုပ်ရှားစေခြင်းဖြင့်လည်း စိတ်ဓာတ်မြင့်မားမှုအတွက် အထောက်အကူပြုနိုင်ပေသည်။ သို့ဖြစ်၍ ဤအလေ့အကျင့်ကောင်းများကို စာသင်ကျောင်းများက ဆက်လက်ပြီး **“ကလေးသူငယ်များကို သွန်းလုပ်ဆဲ အိုးများကဲ့သို့ အိုးများမမာခင် ပုံစံသွင်းပြီး တိုင်းချစ်၊ ပြည်ချစ်စိတ်”** မွေးဖွားပေးသင့်သည်။

အချုပ်အားဖြင့်ဆိုလျှင် လူတိုင်းလူတိုင်း စည်းကမ်းရှိသင့်သည်။ **“စည်းကမ်းသည်လူ၏တန်ဖိုးဖြစ်သလို ဘဝတိုးတက်မှုအတွက် အခြေခံကောင်း”** လည်းဖြစ်ပါသည်။ လူတိုင်းလူတိုင်း စည်းကမ်းရှိကြခြင်းဖြင့် မိမိဘဝ၊ မိမိဂုဏ် တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ မိမိရုံးဌာန၊ မိမိတိုင်းပြည်သည်လည်း **“ရေမြင့်လျှင်ကြာတင့်”** ဟူသော ဆိုရိုးစကားအတိုင်း တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်း စည်းကမ်းရှိသော၊ စည်းကမ်းတကျနေတတ်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

၂၀၁၁ ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဆာဖာရီဥယျာဉ် (နေပြည်တော်)၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ ပိတောက်ပင်ကိုစိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ အထိမ်းအမှတ် သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ မဲဇလီ၊ မယ်ဇယ်၊ ကံ့ကော်၊ အင်ကြင်းနှင့် တရုတ်တည်စသည့် သစ်ပင်၊ ပျိုးပင် ၁၀၅၀ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်း
စေရမည်

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မိုင်းတုံ၌ကျင်းပ

မိုင်းတုံ ဇူလိုင် ၂

မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက် နံနက်က မြန်မာ့သစ်လုပ်ငန်း မိုင်းတုံသစ်ဆိပ်အနီး၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ တက်ရောက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၆၅ပင်၊ ပျဉ်းကတိုးပင် ၂၆၀၊ ယူကလစ် ၁၇၅ပင်၊ အော်ရေးရှား ၁၇၅ပင်နှင့် မဲဇလီပင် ၁၄၀ စုစုပေါင်း ၁၀၁၅ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တာမွေမြို့နယ် အထက(၁) ပင်လုံခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း ဖတ်ကြားစဉ်။ (ဝ၄၄)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်

ရန်ကုန် ဇူလိုင် ၂

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် အမျိုးသားသက်တန်း ပြိုင်ပွဲများ အမျိုးသား၊ အမျိုးသမီး လူသစ်တန်း ကီလိုတန်းအလိုက် (ရှုံး/ ထွက်) ပြိုင်ပွဲများကျင်းပပြီး မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

(မြန်မာ့အလင်း)

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်

ပြည်ထဲရေးအသင်း

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၃၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ဝင်း ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပရာ ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိသွားသော ပြည်ထဲရေးအသင်းအား အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မြောင်းမြမြို့နယ် ကုန်စိမ်းဈေးကြီးအတွင်း မှန်လုံခန်းဖြင့် အသားများရောင်းချနေမှုကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ် အမှတ်(၁)ရပ်ကွက် တိုးချဲ့ရေပေးရေးလုပ်ငန်းအတွက် အများသုံးရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကမ်းနားဘက်၌ ပေါင်းမြက်ချုံနွယ်များအား အဖွဲ့ဝန်ထမ်းများ မေ ၃၁ ရက်က ခုတ်ထွင်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မတောင်ရပ်ကွက် တပင်ရွှေထီးလမ်းသွယ် ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇွန် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့နယ် မြို့မဈေးအတွင်း လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၁၀ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လှည်းကူး၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက်က လှည်းကူးမြို့ရှိ ပြည်သူ့ကျန်းမာရေး ကွင်းဆင်းသင်တန်းဌာနဝင်းအတွင်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်က ရတနာတန်းဝင် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အဆင့်၊ လှည်းကူးမြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ သဘော်တည်၊ မဲဇလီ စသည့် ပျိုးပင်စုစုပေါင်းအပင် ၁၅၀၀ ကို စိုက်ပျိုးကြသည်။

လှည်းကူးမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီတွင် ပြည်သူများဖြန့်ပျိုးပင်ပေါင်း နှစ်သိန်းကျော်ကို ပျိုးထောင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှာဖွေကယ်ဆယ်ရေးသင်တန်း ပခုက္ကူ၌ဖွင့်လှစ်

ပခုက္ကူ ဇူလိုင် ၂

ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ဖွင့်လှစ်သော ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက် နံနက် ၈နာရီက ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားသည်။ သင်တန်းကို သဘာဝဘေး၊ မီးဘေး၊ ကူးစက်ရောဂါဘေးအန္တရာယ် ကျရောက်ချိန်တွင် အချိန်နှင့်တစ်ပြေးညီသွားရောက်၍ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးသွားရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၅ဦး တက်ရောက်ကာ သင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၀၂)

ဇွန် ၁၈ ရက်က လားရှိုးခရိုင် သိန္နီမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယဉ်မောင်ဆွေက ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (၄၀၃)

ကျောက်တံခါးမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများ ဇွန် ၁၈ ရက်က ရေနုတ်မြောင်းနှင့် လမ်းဘေးချုံနွယ်ပိတ်ပေါင်းများ တူးဖော်ရှင်းလင်းရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး သရုပ်ပြ

လှိုင်လင် ဇူလိုင် ၂

ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉နာရီက လှိုင်လင်ခရိုင် ကာလိမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦးက အမှာစကားပြောကြားပြီး တာဝန်ခံဆရာဝန် ဒေါက်တာဝင်းဇော်မိုးက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများအား ပညာပေးဟောပြောသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင် အသုံးပြုပုံကို လက်တွေ့သရုပ်ပြခဲ့ကြောင်းသိရှိရသည်။ (၀၆၀)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂

စာအုပ်စာစောင်များ ငပုတော၌ လှူဒါန်း

ငပုတောမြို့နယ် ကျောက်ပုံကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ထာဝရအလင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

*အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းမှ လှူဒါန်းသော သုတ၊ ရသ ဂျာနယ်မျိုးစုံ ၁၅၀ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက လည်းကောင်း၊ **(အပေါ်ပုံ)** မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်က မြန်မာ့အလင်းသတင်းစာ သုံးလစာ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှအောင်သိန်းက သုတ၊ ရသ မျိုးစုံ ၁၀၀၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန စာတိုက်မှူး ဒေါ်ခင်လေးမြင့်က ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာနှင့် အခြားအလှူရှင်များက စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းကျော်ဝင်းက လက်ခံယူကြောင်း သိရှိရသည်။* ***(မြို့နယ် ပြန်/ဆက်)***

မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ညောင်တုန်း ဇူလိုင် ၂

ညောင်တုန်းမြို့ မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ခုဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပရာ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်က အသေးစားချေးငွေလုပ်ငန်းထူထောင်ဖွဲ့စည်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။

(အောက်ဝဲပုံ)

မြို့ရွှေညောင်တုန်း အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်း လီမိတက်အဖြစ် မဖွဲ့စည်းမီက ဗဟိုသမဝါယမအသင်း၏ လုပ်ငန်းခွဲအဖြစ် တစ်နှစ်ခွဲခန့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် အသင်းသား ၅၀၈ ဦးဖြင့် စတင်ဖွဲ့စည်းထူထောင်ခဲ့ကြောင်း သိရှိရသည်။ (၀၈၂)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ် စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာပေဥယျာဉ် ကျေးလက်စာကြည့်တိုက် သန့်လျင်၌ဖွင့်

သန့်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကျောက်ရေတွင်းကျေးရွာ စာပေဥယျာဉ်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမိုမိုနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းငွေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က သုတရသ စာအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အလှူငွေကျပ်တစ်သိန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက အလှူငွေ ကျပ်တစ်သိန်း တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘုန်းကျော်သူထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

အစားအစာချက်ပြုတ်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာလုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ပထမပတ်အတွင်း Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလအတွင်း International Hotel များ၊ Restaurant များရှိ Kitchen ပိုင်းတွင် ချက်ပြုတ်သော အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်း အစားအစာ ဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre interview များကိုလေ့ကျင့်ပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပန်းအလှပြင်နှင့် ပန်းပွင့်၊ ပန်းခိုင်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပရာ နည်းပြဆရာမများက ပန်းအလှပြင်နည်း သင်ကြားပေးကြစဉ်။ (အမျိုးသမီးရေးရာ)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံရပ်ခြား အလုပ်များအတွက် မြန်မာပြည်တစ်လွှား ကိုယ်စားလှယ်များအား T.T.S လိုင်စင်ပြောင်းရွှေ့ကြောင်း အသိပေးအပ်ပါသည်။

Today Top Star ပြည်ပအလုပ်အကိုင် ရှာဖွေရေးနှင့် ဝန်ထမ်းရွေးချယ်ရေး အကြံပေးလုပ်ငန်း

TTS

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နေ ဗိုလ်မှူးကိုကို(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊
တာချီလိတ်မြို့နယ် စည်ပင်သာယာရေး-ဒေါ်ငယ်ငယ်တို့၏သားကြီး

ဗိုလ်ကြီးကောင်းဆက်ဟိန်း B.E (Electrical Power)

နှင့်

နေပြည်တော်နေ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ-ဒေါ်မူမူမြင့်တို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာဥက္ကာဇင် M.B.,B.S (Ygn)

တို့၏ ၂၆-၆-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော မိဘဆရာသမားအကြီးအကဲများ၊ နှစ်ဖက်သော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၈)မှ မိသားစုများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မလှဲ့သန္တာကိုကိုထွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ပေးသော ညီမငယ် မမေသစ္စာနှင့် မဆုဝတ်ရည်၊ သတို့သားအရံ ဗိုလ်ကြီးအောင်မျိုးတင့်နှင့် ဗိုလ်ကြီးစိုးကျော်ထက်၊ သတို့သမီးအရံ ဒေါက်တာအိဇွန်သဲနှင့် ဒေါက်တာအေးပြည့်စုံ၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာစောင်းနှင့် မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ဒေါ်ရီရီသန့် (မြန်မာမှုတေးဂီတအဖွဲ့)၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးသော ခိုင်သစ္စာ Gems & Jewellery Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စိန်ထွေး၊ မေတ္တာဖြင့် မင်္ဂလာသတို့သားနှင့် အရံဝတ်စုံများ ချုပ်လုပ်ပေးသော ကိုင်ရှိ Tailoring မှ ဦးအောင်ထွေး၊ မင်္ဂလာဝတ်စုံ ကိုပြည်စိုးအောင်၊ မင်္ဂလာပန်းကြဲ၊ ဗန်းကိုင်နှင့် အရံဝတ်စုံများ ချုပ်လုပ်ပေးသော ငွေစင်ရွှေစင် Tailoring မှ မယမင်းသိန်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ တိမ်လွှာအလှဆင်ပေးသော Myanmar Carbonix ၊ ပန်းအလှဆင်ပေးသော ကိုခင်မောင်ဝင်း၊ မင်္ဂလာအလှပုံများ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော Forever Photo Studio၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်၊ Sedona Hotel မှ တာဝန်ရှိသူများနှင့် မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော မိဘဆရာသမားအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၂၆-၆-၂၀၁၁ရက် (တနင်္ဂနွေနေ့) Royal Garden Restaurant တွင် ကျင်းပသော မင်္ဂလာညစာစားပွဲကို မေတ္တာဖြင့် ဆောင်ရွက်ပေးသော ဦးဌေးရင်၊ ၂၂-၅-၂၀၁၁ရက် (တနင်္ဂနွေနေ့) Sedona Hotel (Executive Club)၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားသူကြီး ဒေါ်နန်းစန္ဒာစမ်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးခင်မောင်ထွန်း (ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး)နှင့် ဇနီး ဒေါ်ခင်မြတ်ထွေး၊ ဗိုလ်မှူးကြီးတင်မောင်လှိုင်နှင့် ဇနီး ဒေါက်တာဒေါ်စုစုအောင်၊ ၂၆-၅-၂၀၁၁ရက် (ကြာသပတေးနေ့) နိုင်ငံတော်သံဃနာယကကျောင်းတိုက်၌ ပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းအလှူသို့ ကြွရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူး ဦးဆန်းဒေးကိုကိုနှင့် မမြရတနာမိုး၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကောင်းဆက်ဟိန်း-ဒေါက်တာဥက္ကာဇင်

သန်လျင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၆ ရက်က မြို့မတောင်ရပ်ကွက် သီတာရေမြောင်း(၁+၂)အတွင်းမှ အမှိုက်များ၊ ဗေဒါပင်များ၊ ချုံမြက်များ ဆယ်ယူရှင်းလင်းခြင်းကို အဖွဲ့အမှူးဆောင် အရာရှိ ဦးကျော်လင်းသန်း၊ အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

> မိုးမြင့်လင်းလက် - စုစည်းသည် <

အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်၊ ၂၀ ခန့်သေဆုံး

ကဘူးလ် ဇူလိုင် ၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘတ်စ်ကားတစ်စီး မြေမြှုပ်ဗုံးနင်းမိပြီးနောက် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အနည်းဆုံးအရပ်သား ၂၀ ခန့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ **(ယာပုံ)**

နင်ရော့ပြည်နယ် ခက်ရှိရော့ ခရိုင်အတွင်းနင်ရော့နှင့် ကန်ဒါဟာ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် ဇူလိုင် ၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က မြေမြှုပ်ဗုံးကို ဘတ်စ်ကားက တက်နင်းမိခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင်လည်း ဇွန် ၃၀ ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် မိသားစုဝင်လေးဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်တွင် မြေပြိုမှုဖြစ်ပွား ၁၇ ဦး သေဆုံး၊ အချို့ပျောက်ဆုံး

ချီတာဂွန် ဇူလိုင် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သော စစ်တကောင်းမြို့ အနီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ၁၇ ဦး သေဆုံးပြီး အချို့ ပျောက်ဆုံးလျက် ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဇူလိုင် ၂ ရက်၌ ပြောကြားသည်။

မိုးသည်းထန်စွာ သုံးရက်ဆက်တိုက် ရွာသွန်းခဲ့ရာမှ စစ်တကောင်းမြို့ အရှေ့တောင်ဘက် လာခန်ဘာဇားအရပ်၌ လူများအိပ်ပျော်နေချိန်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာမှ အိမ်များပျက်စီးပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။ ***(အပေါ်ဝဲပုံ)***

ပျက်စီးခဲ့

သေဆုံးသူများတွင် ကလေးငယ်တစ်ဦး၊ အမျိုးသမီးရှစ်ဦးအပါအဝင် ၁၇ ဦး သေဆုံးခဲ့ပြီး အိမ်ခုနစ်လုံးလည်း မြေပြိုမှုကြောင့် ပျက်စီးခဲ့သည်။ မိုးရွာသွန်းမှုမှာ ၂၄ နာရီအတွင်း ၁၃၂ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုနိုင်ငံ၌ တိုက်ခတ်သည့်မုန်တိုင်း၊ သေဆုံးသူ သုံးဦးရှိခဲ့ဟုဆို

မက္ကဆီကိုစီးတီး ဇူလိုင် ၂

မက္ကဆီကိုနိုင်ငံတွင် ဇူလိုင် ၁ ရက်က အာလီနီအမည်ရှိ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် သေဆုံးသူ သုံးဦးရှိကြောင်း၊ ယင်းမုန်တိုင်းသည် နိုင်ငံအလယ်ပိုင်းသို့ ဆက်လက်ဝင်ရောက်ခဲ့ပြီး မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း ဇူလိုင် ၂ ရက်တွင် တာဝန်ရှိသူ များက ပြောကြားသည်။

ပြောကြား

ယင်းမုန်တိုင်းသည် ဇွန် ၃၀ ရက် နံနက်ပိုင်းမှစပြီး မက္ကဆီကိုပင်လယ်ကွေ့အလယ်ပိုင်းကမ်းခြေဒေသများသို့ ဝင်ရောက်ခဲ့ရာ ကမ်းရိုးတန်းတစ်လျှောက် သစ်ပင်များနှင့် အိမ်များ ပြိုလဲပျက်စီးမှုများဖြစ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် နူပိုတန် ယိုယန်မြို့၌ မြစ်ရေကြီးမှုဖြစ်ပေါ်လျက်ရှိရာ လူပေါင်း ၂၀၀ ကျော်အား ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း စာအုပ်စင်

Forgotten Army စာအုပ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂

ဒေါက်တာမောင်မောင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသည့် Forgotten Army စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။ အဆိုပါ စာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၄၅ ခုနှစ်က ထုတ်ဝေခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း မြန်မာ့တပ်မတော်မှ တပ်မတော်သားတစ်ဦးက မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့သော ဂျပန်တို့အား ခုခံတွန်းလှန်တိုက်ထုတ်ခဲ့စဉ်ကာလအတွင်း အတွေ့အကြုံများကို ရေးသားတင်ပြထားသည်။ Forgotten Army စာအုပ်ကို Myanmar Heritage စာပေတိုက်မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

(မြန်မာ့အလင်း)

ခုနစ်နှစ်လီ တစ်ဆယ့်လေး ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလွှာမှဦးစီး၍ ခုနစ်နှစ်လီ တစ်ဆယ့်လေးစာအုပ်ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ အမျိုးသား စာရေးဆရာ ခုနစ်ဦး၊ အမျိုးသမီးစာရေးဆရာ ခုနစ်ဦးတို့၏ အသစ်စက်စက် ဝတ္ထုတို ၁၄ ပုဒ်ဖြစ်ပြီး လယ်တွင်းသား စောချစ်၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ နန္ဒာမိုးကြယ်၊ မောင်ခြိမ့်၊ ချစ်ကိုကိုယု၊ ကြူကြူသင်း၊ ခင်ဆွေဦး၊ မစန္ဒာ၊ မြသန္တာ၊ မနှင်းဖွေး၊ ယဉ်ယဉ်နု(မန္တလေး)၊ ရွှေသဥ္ဇာ အစရှိသော စာရေးဆရာ စာရေးဆရာမများ ပါဝင်သည်။ အဆိုပါ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၃၇၄၅၃၂ နှင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ဖုန်း-၇၂၅၅၃၀ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြန်လည်ရောက်ရှိ

Great Father Land Construction & Decoration Co., Ltd. ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် နာယက ဦးညွန့်မောင်ရှိန်တို့ International Arch of Europe Award ဆုကို လက်ခံရယူပြီးနောက် ဇွန် ၃၀ ရက်က ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr. B. V. Gryzlov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ *စာမျက်နှာ ၄ ကော်လံ ၁* ❐

မိုးရွာသွန်းမှုများ

၂-၇-၂၀၁၁

ဗန်းမော်မြို့
၅ ဒသမ ၆၇ လက်မ
ခန္တီးမြို့
၄ ဒသမ ၆၀ လက်မ
ရေးမြို့
၄ ဒသမ ၄၉ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)
၄ ဒသမ ၂၅ လက်မ
ကိုကိုးကျွန်းမြို့
၃ ဒသမ ၉၄ လက်မ
သံတွဲမြို့
၃ ဒသမ ၈၂ လက်မ
မောင်တောမြို့
၃ ဒသမ ၇၀ လက်မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✻